
# ဂျပန်နိုင်ငံ၏ပညာရေးစနစ်

ဂျပန်နိုင်ငံ၏အဆင့်မြင့်ပညာရေးသည် မူလတန်းပညာရေး (မူလတန်းကျောင်း 6 နှစ်) နှင့် အလယ်တန်းပညာရေး (အလယ်တန်းကျောင်း 3 နှစ်၊ အထက်တန်းကျောင်း 3 နှစ်) ဖြင့် စုစုပေါင်း 12 နှစ်ကြာတက်ရောက်ပြီးဆုံးချိန်မှ စတင်သည်။ နိုင်ငံတကာကျောင်းသားများ ကျောင်းဝင်ခွင့်ရှိသော အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများမှာ (1) နည်းပညာ (ဥပစာ) ကောလိပ်၊ (2) သက်မွေးပညာသင် (ဥပစာ) ကောလိပ် (အထူးပြုသင်တန်းကျောင်း အထူးပြုသင်တန်း)၊ (3) ဥပစာကောလိပ်၊ (4) တက္ကသိုလ် (ပထမ ဘွဲ့သင်တန်း)၊ (5) ဘွဲ့လွန်တက္ကသိုလ် ဟူ၍ 5 မျိုးရှိပြီး ဖွဲ့စည်းတည်ထောင်သူအပေါ်မူတည်ပြီး နိုင်ငံပိုင်၊ ဒေသပိုင်၊ ပုဂ္ဂလိကပိုင် ဟူ၍ ခွဲခြားထားသည်။




သင်တန်းကာလနှစ်　*အမှတ်သည်အဆင့်မြင့်သင်တန်းများကိုဖော်ညွှန်းသည်။

ကျောင်းပြောင်းခြင်း ဥပမာသာဖြစ်သည်။

## တစ်နှစ်တာ ပညာသင်ကြားရေးအစီအစဉ်များနှင့် စာသင်ကာလများ

ဂျပန်နိုင်ငံရှိကျောင်းများသည်ပုံမှန်အား ဖြင့်ဧပြီလ
မှနောက်နှစ်မတ်လအထိကိုပညာသင်နှစ်ခုနှစ်ဟုသတ်မှတ်ထားသည်။ဂျပန်နိုင်ငံ၏တက္ကသိုလ်အားလုံးနီးပါးသည်ဆီမက်စ်တာစနစ်ကိုလက်ခံကျင့်သုံးနေပြီး၊
ပထမဆီမက်စ်တာမှာဧပြီမှစက်တင်ဘာ၊ဒုတိယဆီမက်စ်တာမှာ
အောက်တိုဘာမှမတ်ဖြစ်သည်။ဆီမက်စ်တာ၃ခုစနစ်နှင့်၄ခုစနစ်ကိုကျင့်သုံးသောတက္ကသိုလ်များလည်းရှိသည်။

**Q** ဂျပန်နိုင်ငံရဲ့တက္ကသိုလ်များဟာ ၄ လပိုင်းမှာ ကျောင်းစဖွင့်တယ်လို့ကြားပါတယ်။ ၉ လပိုင်း ၁၀ လပိုင်းမှာ ကျောင်းစတက်လို့ရနိုင်တဲ့ တက္ကသိုလ် ရှိပါသလား။

**A** ရှိပါတယ်။ အထူးသဖြင့် ဘွဲ့လွန်တက္ကသိုလ်မှာ ၉ လပိုင်း သို့မဟုတ် ၁၀ လပိုင်းမှာ ကျောင်းစတက်နိုင်အောင် စီစဉ်ပေးထားတဲ့ တက္ကသိုလ်က များပါတယ်။

**Q** ပိတ်ရက်ရှည်မှာမည်သည့်အချိန် ဖြစ်သနည်း။

**A** ပုံမှန်အားဖြင့်၊ နွေ (ဇူလိုင်လနှောင်းပိုင်း ~ စက်တင်ဘာလဆန်း)၊ ဆောင်း (ဒီဇင်ဘာလနှောင်းပိုင်း ~ ဇန်နဝါရီလဆန်း)၊ နွေဦး (ဖေဖော်ဝါရီလ~မတ်လ) ဟူ၍ တစ်နှစ်လျှင် 3 ကြိမ် ဖြစ်သည်။

## ကျောင်းဝင်ခွင့်အရည်အချင်း

ဂျပန်နိုင်ငံတွင် တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးဝမ်းကျောင်းကို ဝင်နိုင်ရန်အတွက် မူအားဖြင့် ကျောင်းပညာကို ပညာသင်နှစ် ၁၂ နှစ် အထိတက်ခဲ့ဖူးရမည်။ နည်းပညာကောလိပ် (Kosen) အတွက် ၁၁ နှစ်၊ ဘွဲ့လွန်တက္ကသိုလ် (မဟာတန်း) အတွက် ကျောင်းပညာသင်နှစ် ၁၂ နှစ် အထိ တက်ခဲ့ဖူးရမည်။

2016 ခုနှစ် 12 လပိုင်းတွင် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပြည်ပနိုင်ငံရှိကျောင်းများတွင် အထက်တန်း အောင်မြင်ပြီးဆုံးသူများ ဂျပန်တက္ကသိုလ်ဝင်ခွင့်လျှောက်ရာတွင် ဂျပန်နိုင်ငံ၏ အထက်တန်းအောင်မြင်ပြီးသူများနှင့် တူညီသောပညာအရည်အချင်းရှိသည်ဟု သတ်မှတ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပါသည်။

(1) မြန်မာနိုင်ငံတွင် အထက်တန်းအောင်မြင်ပြီးသောကျောင်းသားမှာ ဂျပန်ပညာရေး၏ ပညာသင်နှစ် အရည်အချင်း ၁၂ တန်း နှင့် ညီသည်ဟုသတ်မှတ်ခြင်းပင် ဖြစ်သည်။ တနည်းအားဖြင့် မြန်မာတွင် အထက်တန်း အောင်မြင်ပြီးသူကို ဂျပန်တက္ကသိုလ်များတွင် ကျောင်းဝင်ခွင့် လျှောက်ထားခွင့်ပြုမှာ ဖြစ်ပါတယ်။

(2) ထို့အတူ မဟာတန်းဝင်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍လည်း၊ မြန်မာတက္ကသိုလ်၏ ဘွဲ့ကြိုတန်းပြီးဆုံးကာ အနည်းဆုံးပညာသင်နှစ်အရေအတွက် ၁၅ နှစ်ရှိပါက လျှောက်ထားနိုင်မှာဖြစ်ပါတယ်။ တနည်းအားဖြင့် ဂျပန်တက္ကသိုလ် ဝင်ခွင့်လျှောက်ထားရန်အတွက် မြန်မာတွင်အထက်တန်း အောင်မြင်ပြီးဆုံးသူသည် preparatory education curriculum တွင် တက်ရောက်ရန်မလိုဘဲ ဂျပန်ဘွဲ့ကြိုတက္ကသိုလ်ဝင်ခွင့်ကို ဖြေဆိုနိုင်မှာဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဘွဲ့ကြိုတန်း ပြီးဆုံးပါက ဂျပန်တက္ကသိုလ်၏ မဟာတန်း ဝင်ခွင့်ကို ဝင်ရောက်ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

သို့သော်လည်း ဂျပန်တက္ကသိုလ်များ၏ ဝင်ခွင့်လျှောက်ထားနိုင်သောအရည်အချင်းတွင် အသက်ကန့်သတ်ထားသော ကျောင်းများလည်း ရှိပါသည်။ ကျောင်းဝင်ခွင့်လျှောက်လွှာမတင်မီတွင် မိမိလျှောက်ထားလိုသော ကျောင်းနှင့်ဆက်သွယ်၍ ဝင်ခွင့်လျှောက်ထားနိုင်သောအရည်အချင်းကို မေးမြန်းပါ။ ဒါမှမဟုတ် OJEIC နှင့် ဆွေးနွေးတိုင်ပင်ပါ။

ပညာရေး၊ယဉ်ကျေးမှု၊အားကစား၊သိပ္ပံနှင့်နည်းပညာဝန်ကြီးမှ သတ်မှတ်ထားသည့် "ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း"

i http://www.jasso.go.jp/en/study_j/search/nihongokyouiku.html

## ရယူနိုင်သော ဒီဂရီ၊ ဘွဲ့ နှင့် သင်တန်းကာလ

| | သင်တန်း | ရယူနိုင်သောဒီဂရီဘွဲ့ | သင်တန်းကာလ |
|---|---|---|---|
| ဘွဲ့လွန်တက္ကသိုလ် | ပါရဂူသင်တန်း | ပါရဂူဘွဲ့ | 5 နှစ် |
| | မဟာဘွဲ့ သင်တန်း | မဟာဘွဲ့ | 2 နှစ် |
| | သက် မွေးအတတ်ပညာဒီဂရီသင်တန်း | မဟာဘွဲ့(သက်မွေးအတတ်ပညာ) | 2 နှစ် |
| | | ဥပဒေပါရဂူဘွဲ့(သက်မွေးအတတ်ပညာ) | 3 နှစ် |
| | | သင်ပြနည်းမဟာဘွဲ့(သက်မွေးအတတ်ပညာ) | 2 နှစ် |
| တက္ကသိုလ် (ပထမဘွဲ့သင်တန်း) | အထွေထွေပထမဘွဲ့သင်တန်း 4နှစ်စနစ်ဆေးဝါးပညာသင်တန်း | တက္ကသိုလ်ပထမဘွဲ့ | 4 နှစ် |
| | ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ ဆေးဝါးပညာဌာန၏ 6 နှစ်သင်တန်း နှင့် တိရစ္ဆာန်ဆေးကုပညာ | | 6 နှစ် |
| ဥပစာကောလိပ် | — | ဥပစာကောလိပ်တွဲဖက်ဒီဂရီ၊ | 2～3 နှစ် |
| နည်းပညာဥပစာကောလိပ် | — | နည်းပညာဥပစာကောလိပ် တွဲဖက်ဒီဂရီ၊ | 3 နှစ်ကုန်သွယ်မှုရေကြောင်းအတွက် 3 နှစ် 6 လ |
| အထူးပြုသင်တန်းကျောင်း | အထူးပြုသင်တန်းသက်မွေးပညာသင်ဥပစာကောလိပ် | ဒီပလိုမာ | 2 နှစ်နှင့်အထက် |
| | | အဆင့်မြင့်ဒီပလိုမာ | 4 နှစ်နှင့်အထက် |

ဘွဲ့လွန်ပါရဂူဘွဲ့သင်တန်းကို ပထမဆီမက်စ်တာသင်တန်း (2 နှစ်) နှင့် ဒုတိယဆီမက်စ်တာသင်တန်း (3 နှစ်) ဟူ၍ ခွဲထားတတ်သည်။ ပထမဘွဲ့သင်တန်း၏ သင်တန်းကာလ 6 နှစ် ဖြစ်သော ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ ဆေးဝါးပညာဌာန၏ 6 နှစ်သင်တန်းနှင့် တိရစ္ဆာန်ဆေးကုပညာအတွက် ပါရဂူဘွဲ့သင်တန်းမှာ 4 နှစ် ဖြစ်သည်။
ကောလိပ်ပြီးပြီးနောက် အထူးတန်း (1 နှစ် 2 နှစ်) ကို ဆက်တက်ပါက ဘွဲ့ရနိုင်သည်။
ပုံမှန်အားဖြင့် နည်းပညာဥပစာကောလိပ်၏ သင်တန်းကာလမှာ 5 နှစ် ဖြစ်သော်လည်း၊ နိုင်ငံတကာကျောင်းသားများအား ပညာသင်နှစ် တတိယနှစ်မှ လက်ခံမည်ဖြစ်သည်။ ကျောင်းပြီးပြီးနောက်၊ အဆင့်မြင့်သင်တန်း (2 နှစ်) ကို ဆက်တက်ပြီး၊ "တက္ကသိုလ်ပထမဘွဲ့" ဒီဂရီကို ရရှိနိုင်သည်။
နည်းပညာကောလိပ်မှပေးသည့် "တွဲဖက်ဒီဂရီ"၊ အသက်မွေးပညာသင်ကျောင်းမှပေးသည့် "ဒီပလိုမာ" နှင့် "အဆင့်မြင့်ဒီပလိုမာ" သည် ပညာသင်ဘွဲ့ဖြစ်သည်။

တက္ကသိုလ်ပြုပြင်ပြောင်းလဲမှုကူညီရေးနှင့် ပညာသင်ဘွဲ့ချီးမြှင့်ရေးအသင်း (NIADQE) က အသိအမှတ်ပြုထားသည့်ကောလိပ်နှင့် နည်းပညာကောလိပ်ကို ပြီးမြောက်ပြီး NIADQE က ကျင်းပသည့်စာမေးပွဲကိုအောင်လျှင် ပညာသင်ဘွဲ့ရရှိနိုင်သည်။ အသေးစိတ်ကို မိမိတက်ရောက်လိုသည့်ကျောင်းတွင် စုံစမ်းပါ။

**National Institution for Academic Degrees and Quality Enhancement of Higher Education (NIAD-QE)**

i http://www.niad.ac.jp/english/

**Q** ဂျပန်နိုင်ငံတွင် ရရှိထားသောဘွဲ့သည် ဂျပန်နိုင်ငံတွင် အခြားနိုင်ငံတွင် အကျုံးဝင်ပါသလား။

**A** ယေဘုယျအားဖြင့် ဂျပန်နိုင်ငံတွင် ရထားသောဘွဲ့သည် အခြားနိုင်ငံများတွင် ရရှိသောဘွဲ့နှင့် တန်းတူညီတူ တန်ဖိုးရှိသည်။ သို့သော် နိုင်ငံအလိုက် ပညာရေးဝန်ကြီးဌာန နှင့် အကဲဖြတ်အဖွဲ့အစည်းများ (အမြတ်အစွန်းမရည်ရွယ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ စသည်) က သီးခြားရပ်တည်ပြီး ဒီဂရီဘွဲ့များအား အကဲဖြတ်ပေးသည်လည်း ရှိပါသည်။ ကြိုတင်၍ မိမိနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများတွင် စုံစမ်းမေးမြန်းသင့်ပါသည်။